MOIC-MO-S/00585

UNCLASSIFIED

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဆာဆာမှ မြန်မာနှစ်သစ် ၁၃၈၅ သို့ ကူးပြောင်းခြင်း အတာသင်္ကြန် အတွက် ဆုတောင်းနှုတ်ဆက်စကား။

၂၀၂၃ ခုနှစ် ဧပြီလ ၁၃ ရက်နေ့

အတာကူးတဲ့ တန်ခူးလရာသီမှာ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကိုကြိုဆိုရမယ့်အချိန် ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။

အာဏာရှင်စနစ်ဆိုးအောက်မှာ သင်္ကြန်ကျရောက်ရတာ ဒီနှစ်နောက်ဆုံးဖြစ်ပါစေလို့ ပထမဦးစွာ ဆုတောင်းလိုက်ပါတယ်။ သင်္ကြန်ရဲ့အနှစ်သာရဖြစ်တဲ့ နှစ်ဟောင်းကအညစ်အကြေးတွေကို မောင်းထုတ်စွန့်ပစ်ပြီး နှစ်သစ်မှာ ပိုမိုစုစည်းပြီး ပိုမိုအင်အားကောင်းတဲ့ပြည်သူတွေအနေနဲ့ အာဏာရှင် အကြမ်းဖက်စစ်တပ်ကို အားသွန်ခွန်စိုက် ဆက်လက်တိုက်ထုတ်သွားမယ်လို့ အပြည့်အဝယုံကြည်ပါတယ်။

ပြည်သူတွေ ပိုပြီးစည်းလုံးညီညွတ်ကြပြီး ဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်ကို ဆက်လက်ချီတက် အရောက်သွားကြပါစို့။ နောက်နှစ်သင်္ကြန်မှာ စစ်မှန်တဲ့ပျော်ရွှင်မှုတွေနဲ့ အားလုံးအတူတကွ ကျင်းပနိုင်မယ့်ရက်တွေ အမြန်ဆုံးရောက်ရှိလာပါစေလို့ နှစ်သစ်ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။

အရေးတော်ပုံ အောင်ရမည်။

ဒေါက်တာဆာဆာ

ပြည်ထောင်စုဝန်ကြီး

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ